ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၁၁

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁

## ၂၀၂၅ ခုနှစ် ၊ (၃၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပ




**၂၀၂၅ ခုနှစ် ၊ (၃၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က အဖွင့်အမှာစကားပြောကြားစဉ်။**

၂၀၂၅ခုနှစ်၊ (၃၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားကို၂၆-၁-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမင်းထွဋ်၊ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့စီးပွားရေးရာဝန်ကြီး၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း/ အမှုထမ်းများ၊ ဆုရရှိသည့် ဝန်ထမ်းများနှင့် ဝန်ထမ်း သား/သမီးများ စုစုပေါင်းအင်အား (၁၂၅) ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပါသည်။




၂၀၂၅ ခုနှစ် ၊ ၃၄)ကြိမ်မြောက်   အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားတွင် မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၊ ၂၀၂၅ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံဘောလုံး ( အမျိုးသား ) ပြိုင်ပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ကိုယ်စားပြု) ပထမဆုရရှိခဲ့သောဘောလုံးအသင်း၊ သွေးလှူဒါန်း (၂၀)ကြိမ်အထက်၊ (၁၀) ကြိမ်အထက်နှင့်(၅)ကြိမ်အထက် လှူဒါန်းသူများအား ဆုချီးမြှင့်ခြင်း၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်အကောင်းဆုံး ရွေးချယ်ခံရသူများ အား ဝန်ထမ်းကောင်းဆုများချီးမြှင့်ခြင်း၊ ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသောဝန်ထမ်းများ၏ သား/သမီးများအားပညာရည်ထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ သင်တန်းများ၌ ထူးချွန်ဆုရရှိသူများအား သင်တန်းထူးချွန်ဆုများချီးမြှင့်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ပြောင်မြောက် စွာဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းဆုနှင့် ချီးကျူးဂုဏ်ပြုဆုများချီးမြှင့်ခြင်း၊ ချီးကျူးဂုဏ်ပြု ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးမိုးမြင့်၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဇင်ထွန်းနှင့်ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်းတို့က ဆုရရှိသူများအားဆုများချီး မြှင့်ပေးအပ်ခဲ့ပါသည်။




**၂၀၂၅ ခုနှစ်၊ (၃၄) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် ဇဗုဟန်းမြို့နယ်၊ မင်းကွန်းတောရ ကျောင်းတိုက်၌ သံဃာတော်(၁၁) ပါးနှင့် သီလရှင် (၈၀) ပါးတို့အား ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် နှင့် ဇနီးတို့မှ အာရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။**

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်သည် ဆုရရှိသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ တစ်နှစ်တာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး ဧည့်သည်တော်

# ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ဥက္ကဋ္ဌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားစဉ်။**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် (WTO Trade Facilitation Agreement) ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၁-၂၀၂၅ နံနက် ၀၉:၀၀ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ အစည်းအဝေးခန်းမ (၁) ၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများသည် In-Person တက်ရောက်ခဲ့ကြပြီး ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ အဓိကအဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များသည် Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် Trade Facilitation Agreement ပါ ပြဋ္ဌာန်းချက်များအား သတ်မှတ်ကာလအတွင်း အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆက်စပ်ဌာနများအနေဖြင့် လက်ရှိလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဌာနများ အလိုက် ဖြေလျှော့ဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များ၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် Article နှင့်




ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏အဓိကအဖွဲ့ဝင်ဌာနများ၏တာဝန်ရှိသူများကOnline Virtual စနစ်ဖြင့် တက်ရောက်စဉ်။



ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေမှ လုပ်ငန်းဆောင်ရွက်ထားမှုများအား ရှင်းလင်းဆွေးနွေးစဉ်။

ပတ်သက်၍ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များကို အစည်းအဝေးတက်ရောက်သူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအား အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြပါသည်။

# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကျင်းပ




**ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ဂုဏ်ပြုစကားပြောကြားစဉ်။**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ၈-၁-၂၀၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဘောလုံးအသင်းကစားသမားဟောင်းများ၊ ပြိုင်ပွဲဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားပြုဘောလုံးအသင်း အုပ်ချုပ်သူ၊ နည်းပြအဖွဲ့နှင့် ကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်းသည် ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားဝန်ကြီးဌာန ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၊ ၂၀၂၄ ခုနှစ် ၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆု တို့ကိုရရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှင့် ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား ) ဘောလုံးပြိုင်ပွဲတွင်




**ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းမှ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေထံ ဆုဖလားအပ်နှံစဉ်။**

ရွှေတံဆိပ်ဒိုင်းဆုကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြ၍ ပါဝင်ခဲ့ကြသူအားလုံးကို အထူးပင်ကျေးဇူးတင်ကြောင်း၊ အားကစားသမားများ၏ ဇွဲ၊ ကြိုးစားမှုနှင့် ပြိုင်ပွဲတိုင်းတွင် စိတ်အားထက်သန်စွာဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း၊ ဗိုလ်လုပွဲကိုလည်း တစ်ဖက်ပြိုင်ပွဲဝင်အသင်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ပင်ကိုယ်စွမ်းရည်သာမက အားကစားသမားများ၏ စည်းလုံးညီညွတ်မှုကြောင့်သာ ယခုလို အောင်မြင်မှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အားကစားသမားများအပြင် နည်းပြအုပ်ချုပ်အဖွဲ့များ၏ အောင်ပွဲရအောင်စနစ်တကျ လမ်းညွှန်နည်းပြခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ နေပြည်တော်အထိ လာရောက်အားပေးခဲ့ကြသည့် အကောက်ခွန်ဝန်ထမ်းဟောင်း ဘောလုံးသမားများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ နောင်ကာလတွင် ကျင်းပမည့် ဘောလုံးပြိုင်ပွဲများမှာလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်းအနေဖြင့် အောင်မြင်မှုများ ဆက်လက်ရရှိစေရန်အတွက် ကူညီပံ့ပိုးမှုများ၊ အကြံဉာဏ်များပေးကြဖို့လည်း တောင်းဆိုလိုကြောင်း၊ ချန်ပီယံဆုဖလားရရှိရေးသည် အရေးကြီး သကဲ့သို့ ပြိုင်ပွဲ ပွဲစဉ်တလျှောက်လုံး လေ့ကျင့်မှုများ၊ အသင်းဖော်များ၏ စုစည်းဆောင်ရွက်မှုများ၊ အားကစားသမားများအတူတကွ ဖန်တီးခဲ့ကြသည့် ကွင်းအတွင်းမှအောင်မြင်မှုများ၊ စိတ်အားထက်သန်မှု၊ သမာဓိရှိရှိယှဉ်ပြိုင်မှု၊ အားကစားပွဲကိုလေးစားမှုနှင့် ယှဉ်ပြိုင်ခဲ့မှုများကိုလည်း မေ့ထားလို့မရကြောင်း၊ ချန်ပီယံဖြစ်ရသည့်အောင်မြင်မှုနှင့်အတူ အောင်ပွဲ၏ ပီတိနှင့် ဂုဏ်ယူစရာအကြောင်းအရာများကို အမြဲတမ်းအမှတ်ရနေပြီး နောင်ယှဉ်ပြိုင်မည့်ပြိုင်ပွဲများတွင်လည်း ချန်ပီယံဒိုင်းဆုများရရှိအောင် စွမ်းဆောင်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။




**အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကိုယ်စားပြုဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့နှင့် ကစားသမားများ၊ အကောက်ခွန်ဘောလုံးအသင်းကစားသမားဟောင်းများနှင့်အတူ အမှတ်တရမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးစဉ်။**

ဆက်လက်၍ ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်းမှ တံခွန်စိုက်ဆုဖလားအား ညွှန်ကြားရေးမှူးချုပ်ထံ အပ်နှံခြင်းနှင့် ညွှန်ကြားရေးမှူးချုပ်မှ အောင်ပွဲရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခြင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြုဘောလုံးအသင်း၏ကိုယ်စား နည်းပြချုပ် ဦးသူရအောင်မှ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အောင်ပွဲရဘောလုံးအသင်းအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခြင်းနှင့် အမှတ်တရမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားအား ၁၆း၀၀ နာရီ

# ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၁/၂၀၂၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**အကောက်ခွန်ဦးစီးဌာန၊ ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၈-၁-၂၀၂၅ ရက်နေ့၊ နံနက် ၁၁း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းအဖွဲ့တာဝန်ရှိသူများမှ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးအား Hybrid Meeting စနစ် (In Person + Online Virtual) ဖြင့် ကျင်းပခဲ့ရာ In Person (၂၈) ဦး၊ Online Virtual (၁၇)ဦး၊ စုစုပေါင်း (၄၅) ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများအနက် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးနေသော တင်သွင်း/တင်ပို့မှုများနှင့် စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာအခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အောက်ရှိ ညီနောင်အသင်းများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ




**အကောက်ခွန်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးနေသော တင်သွင်း/တင်ပို့မှုများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာအခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရေး ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အောက်ရှိ ညီနောင်အသင်းများနှင့် ညှိနှိုင်းအစည်းအဝေး၌ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အမှာစကားပြောကြားစဉ်။**

၁၄-၁-၂၀၂၅ ရက်နေ့ ၁၄း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးနေသော တင်သွင်း/တင်ပို့မှုများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဆိုင်ရာအခက်အခဲများအား ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရေး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အောက်ရှိ ညီနောင်အသင်းများနှင့် ညှိနှိုင်းအစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အောက်ရှိ ညီနောင်အသင်းများမှ တင်သွင်း/ တင်ပို့မှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဆန်းလင်း၊ ဒေါ်ခိုင်ခိုင်နွယ် တို့အပါအဝင် အသင်းအဖွဲ့ (၁၄) ဖွဲ့တို့မှ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

# ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ယာယီပြည်တွင်းဆိပ်ကမ်းများအား သက်တမ်းတိုးဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ




**ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ယာယီပြည်တွင်းဆိပ်ကမ်းများအား သက်တမ်းတိုးဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေကအမှာစကားပြောကြားစဉ်။**

၁၅-၁-၂၀၂၅ ရက်နေ့ ၁၄း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ယာယီပြည်တွင်းဆိပ်ကမ်းများအား သက်တမ်းတိုးဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# မျိုးဆက်ပျက်သုန်းလုဆဲ တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်အမျိုးအစားများအား တရားမဝင် တင်ပို့ခြင်း၊ တင်သွင်းခြင်းများအပေါ် ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန် CITES သင်တန်းအားကျင်းပ



မျိုးဆက်ပျက်သုန်းလုဆဲ တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်အမျိုးအစားများအား တရားမဝင် တင်ပို့ခြင်း၊ တင်သွင်းခြင်းများအပေါ် ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေး CITES သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက်( အုပ်ချုပ်မှုနှင့်စီမံရေးရာ ) က အဖွင့်အမှာစကားပြောကြားစဉ်။

၁၆-၁-၂၀၂၅ ရက်နေ့ နံနက် ၀၈း၃၀ နာရီတွင် အကောက်ခွန်သင်တန်းကျောင်း၌ အကောက်ခွန် အရာရှိများအနေဖြင့် မျိုးဆက်ပျက်သုန်းလုဆဲ တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်အမျိုးအစားများကို သိရှိပြီး ယင်းပစ္စည်းများ တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းများအပေါ် ထိရောက်စွာကာကွယ်တားဆီး နိုင်ရန်၊ CITES Permit နှင့် CITES ဆိုင်ရာဥပဒေများ၊ ကန့်သတ်ထိန်းချုပ်ထားသည့် စည်းမျဉ်းများ၊ နိုင်ငံ တကာဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အလေ့အကျင့်များကို သိရှိနားလည်သဘောပေါက်စေရန်အတွက် CITES (တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်) သင်တန်းအား ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက် ( အုပ်ချုပ်မှုနှင့်စီမံရေးရာ ) က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြအဖြစ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ပြုံမိုးစံမှ CITES ( တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန် ) နှင့်ပတ်သက်သော သင်ခန်းစာများအား သင်ကြားပို့ချဆွေးနွေးခဲ့ပါသည်။



**CITES သင်တန်းတွင် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်ငြိမ်းစံမှ သင်ခန်းစာများအား သင်ကြားပို့ချ ဆွေးနွေးစဉ်။**

အဆိုပါသင်တန်းတွင် အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)ရှိ ဌာနခွဲအသီးသီးမှ အကောက်ခွန်အရာရှိ (၆၅) ဦးတို့သည် In person ဖြင့်လည်းကောင်း၊ နယ်မြေအသီးသီးရှိ အကောက်ခွန်အရာရှိ (၄၀) ဦးတို့သည် Online Virtual စနစ်ဖြင့်လည်းကောင်း စုစုပေါင်း (၁၀၅) ဦး တက်ရောက်ခဲ့ကြပါသည်။

# အာဆီယံလမ်းညွှန်ချက်အရ အကောက်ခွန်နှင့် ပြည်တွင်းအခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့် နယ်ပယ်များအနက် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကျင်းပ



အာဆီယံလမ်းညွှန်ချက်အရ အကောက်ခွန်နှင့်ပြည်တွင်းအခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့် နယ်ပယ်များအနက် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲတွင် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ဆွေးနွေးစဉ်။

၂၅-၁-၂၀၂၅ ရက်နေ့ ၁၄း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အာဆီယံ၏ လမ်းညွှန်ချက်အရ အကောက်ခွန်ဦးစီးဌာနနှင့် အခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့်နယ်ပယ်များအနက် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့သည့် စတုတ္ထအကြိမ်အစည်းအဝေး၌ ညွှန်ကြားရေးမှူး (PCA) မှ ကုမ္ပဏီတစ်ခုစစ်ဆေးပြီးတိုင်း အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းအခွန်များဦးစီးဌာနသို့ သတင်းစာရင်းပေးပို့လျက်ရှိပါကြောင်း၊ ၂၆-၇-၂၀၂၄ ရက်နေ့ပါ ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြန်စာအရ အကောက်ခွန်ဦးစီးဌာနနှင့် ကုမ္ပဏီ (၇၂) ခု စာရင်းကိုက်ညီရာတွင် ကုမ္ပဏီ (၆၃)ခု ကိုက်ညီပြီး ကျန်(၉) ခုအား ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ၁၇-၁-၂၀၂၅ ရက်နေ့ပါ ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြန်စာအရ ကုမ္ပဏီ ( ၉၉ ) ခု စာရင်းကိုက်ညီရာတွင် ကုမ္ပဏီ ( ၈၃ )ခု ကိုက်ညီပြီး ကျန်( ၁၆ ) ခုအား ပြည်တွင်းအခွန်များဦးစီးဌာနမှ




**အာဆီယံလမ်းညွှန်ချက်အရ အကောက်ခွန်နှင့် ပြည်တွင်းအခွန်အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်မည့်နယ်ပယ်များ အနက် နှောင်းစာရင်းစစ်ဆေးခြင်းနှင့် အခွန်စာရင်းစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇူလိုင်မို့မို့အောင် ကဆွေးနွေးစဉ်။**

ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၆-၁-၂၀၂၅ ရက်နေ့ထိ ကုမ္ပဏီ (၁၂၄) ခုအား အကောက်ခွန်ဦးစီးဌာနမှ သတင်းစာရင်းပေးပို့ထားပြီး ကုမ္ပဏီ (၉၉) ခုအတွက်သာ သတင်းစာရင်းပြန်ကြားခဲ့ပြီးဖြစ်ကြောင်းနှင့် ၁၇-၁-၂၀၂၅ ရက်နေ့ပါ ပြည်တွင်းအခွန်များဦးစီးဌာန၏ ပြန်စာအရ ကုမ္ပဏီ (၉၉) ခု စာရင်းကိုက်ညီရာတွင် ကုမ္ပဏီ (၈၃)ခု ကိုက်ညီပြီး ကျန် (၁၆) ခုအား ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာနမှ Rule of Origin (ပင်ရင်းနိုင်ငံစည်းမျဉ်း) ဆိုင်ရာ ဆွေးနွေးခဲ့ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၌ အခွန်စာရင်းစစ်ဆေးခြင်းနှင့် အခွန်ခုနှိမ်ခွင့်များအကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

# ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ်

# (Logistics Surveillance System E-Lock) သင်တန်း ဖွင့်လှစ်ပို့ချခြင်း



**ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) သင်တန်းဖွင့်အမှတ်တရ ဓါတ်ပုံရိုက်ကူးစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်သင်တန်းကျောင်း၌ ၂၈-၁-၂၀၂၅ ရက်နေ့တွင် ကုန်သေတ္တာ (Container) / အလုံပိတ်ယာဉ် (Box Truck) များနှင့်အတူ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် E-Lock သင်တန်းကို နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၆း၃၀ နာရီထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် တာမိုးညဲအုပ်စုရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၏ ကျွမ်းကျင်သူများနှင့် နယ်ရုံးများကြီးကြပ်ရေးဌာနခွဲ၊ မူဝါဒနှင့် E-Lock ဌာနစိတ်တို့မှ ကုန်သေတ္တာ (Container) / အလုံပိတ်ယာဉ် (Box Truck) များနှင့်အတူ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် (Logistics Surveillance System E-Lock) လုပ်ငန်းစဉ်များအား ပို့ချဆွေးနွေးခဲ့ပြီး သင်တန်းသို့ ဌာနခွဲအသီးသီးမှ သင်တန်းသား (၅၀) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

# မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းဖွင့်လှစ်ကျင်းပ






**တင်သွင်း/ တင်ပို့လုပ်ငန်းရှင်များ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် MACCS စနစ်ကို ကျွမ်းကျင်စွာအသုံးပြုတတ်စေရန် MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းအား သင်တန်းဖွင့်လှစ်ခြင်း။**

မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့များသို့ MACCS စနစ် တိုးချဲ့ဆောင်ရွက်ရာတွင် တင်သွင်း/တင်ပို့လုပ်ငန်းရှင်များ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် MACCS စနစ်ကို ကျွမ်းကျင်စွာအသုံးပြုတတ်စေရန် ရည်ရွယ်၍ MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းအား ၁၃.၁.၂၀၂၅ ရက်နေ့မှ ၂၁.၁.၂၀၂၅ ရက်နေ့အထိ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့များရှိ သက်ဆိုင်ရာမြို့နယ်အကောက်ခွန်ဦးစီးဌာနများတွင် Video Conferencing ဖြင့် သင်တန်းပို့ချဖွင့်လှစ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၁၅၃၄.၆၅၄ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း / တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက် မှ (၃၁) ရက်အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၅၁၂ ) မှု ဖြစ်ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၁၅၃၄.၆၅၄ ) သန်း ဖြစ်ပါသည်။


**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




၁၅-၁-၂၀၂၅ ရက်နေ့တွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP) ၌ Young World Co.,Ltd မှ ID No - 100294847660 (14.1.2025) (IL NO - OVSIL22425017264) (1.7.2024) (IL NO – OVSIL 22425018469) (8.7.2024) ဖြင့် တင်သွင်းလာသော ပေ ၂၀ ကုန်သေတ္တာ (၅) လုံးအား ထုတ်/ သွင်း ဌာနခွဲနှင့် အထူးအဖွဲ့တို့၏ Suspect အရ ဆိပ်ကမ်းတာဝန်ကျအဖွဲ့ဖြင့် စစ်ဆေးရာ IL ပါ HS Code ဖော်ပြချက်နှင့် မျက်မြင်စစ်ဆေးတွေ့ရှိချက်ပစ္စည်း၏ HS Code ကွဲလွဲနေသော (Brand New Construction Materials) (Iron Nail) (Size - 10 CM & Under) (140000 Kg) (C/O -China) ခန့်မှန်းတန်ဖိုးကျပ်- ၄၀၁,၈၅၆,၀၀၀/ အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၁၅၃၄.၆၅၄ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး / ဖမ်းဆီးမှု




၂၄-၁-၂၀၂၅ ရက်နေ့တွင် သီလဝါဆိပ်ကမ်းနယ်မြေတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ (MITT) ဆိပ်ကမ်း၌ MBK Co.,Ltd မှ ID No - 100295629710 (22/1/2025) ဖြင့် တင်သွင်းလာသော ပေ ၂၀ ကုန်သေတ္တာ (၉) လုံးအား အသေးစိတ်ဖွင့်ဖောက်စစ်ဆေးရာ ID တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ တင်သွင်းလာသည့် (Brand New Construction Materials Galvanized Iron Sheet In Coils) (Size - 0.13 mm x 914 mm) (Coil) (C/O – China) (60 CL) (242,622 Kg) ခန့်မှန်းတန်ဖိုးကျပ် - ၆၅၃,၄၆၄,၀၉၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၁၅၃၄.၆၅၄ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






(၁၀-၁-၂၀၂၅) ရက်နေ့ နံနက် (၀၆း၃၀) နာရီတွင် တာလေ - တာချီလိတ် ကားလမ်းဘေး ယန်းကျောက်ကျေးရွာ မိုင်တိုင်အမှတ် (၇၇၃ KM) နှင့် (၇၇၄ KM) ကြားတွင် ယာဉ်အမှတ် (5A-8956) (Minibus) မှာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မရှိဘဲ အချိန်ကြာမြင့်စွာ ရပ်တန့်ထားကြောင်း ယန်းကျောက်ကျေးရွာ ဒေသခံတစ်ဦးမှ ပြောကြားသဖြင့် မယ်ယန်းဂိတ်တာဝန်ကျ အကောက်ခွန်အဖွဲ့မှ ကပ-၈၃၆၂၊ အကောက်ခွန်ထိန်း နေဟိန်းမှ သွားရောက်ကြည့်ရှုရာ ယာဉ်ပေါ်တွင် ကတ်ထူစက္ကူဖာခွံများဖြင့် ဖုံးအုပ်ထားသော သစ်များတွေ့ရှိသဖြင့် မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းသို့ ယာဉ်အား သယ်ဆောင်လာပြီး မယ်ယန်းပူးပေါင်းစစ်ဆေးရေး စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲမြင့် ဦးဆောင်သော တာဝန်ကျ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မူးယစ်ရဲတပ်ဖွဲ့၊ လုံခြုံရေးတာဝန်ကျတပ်တို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ကတ်ထူစက္ကူခွံများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ပိုင်ရှင်မဲ့ (ကျွန်းခွဲသားဆိုဒ်စုံ) (၉၉ ချောင်း) (၂.၈၀၆၅ တန်) နှင့် (ပိတောက်ခွဲသားဆိုဒ်စုံ) (၂၅ ချောင်း) (၀.၅၂၆၆ တန်) စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် - ၅,၁၀၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၃၁၅၃၄.၆၅၄ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၄-၁-၂၀၂၅ ရက်နေ့ နံနက် (၀၀:၃၀) အချိန်ခန့်တွင် တာချီလိတ်ကုန်သွယ်ရေးစခန်းအား ရှောင်ကွင်းသည့် မလိပါကောကွင်းလမ်း၌ ကုန်သွယ်ရေးမှ စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် ဦးစီးသည့် အဖွဲ့ဝင် (၆) ဦး၊ နကသ ရဲတပ်ဖွဲ့မှ ဒု-ရဲမှူး အောင်မင်းစိုး ဦးစီးသည့် အဖွဲ့ဝင် (၄) ဦးတို့သည် မြေပြင်သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ Copper Sulphate များနှင့်အတူ သတ္တုသန့်စင်မှုပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုကုန်ကြမ်းပစ္စည်းများ ထည့်သွင်းထားသော ပေပါများတင်ဆောင်လာသည့် (၁၂) ဘီးမော်တော်ယာဉ် (၃) စီးအား မူးယစ်တပ်ဖွဲ့ဖြင့် ပူးပေါင်းစစ်ဆေးပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး ၂၄-၁-၂၀၂၅ ရက်နေ့ နံနက် (၀၂း၀၀) နာရီအချိန်ခန့်တွင် တာချီလိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့ပြီး သတ္တုသန့်စင်မှုပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုကုန်ကြမ်းပစ္စည်းများ တင်ဆောင်ထားသော (၁၂) ဘီးမော်တော်ယာဉ်(၃)စီးအား မူးယစ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (နကသ)၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းစစ်ဆေးခဲ့ရာ (6E-9299) ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Copper Sulphate)(C/O –China) (5500 kg)(1 x 25kg)(220 bags) အပါအဝင်ပစ္စည်း (၅) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် - ၃၄,၈၂၇,၅၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလအတွင်းလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၁၅၃၄.၆၅၄) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု



၂၄-၁၂-၂၀၂၄ ရက်နေ့တွင် ရန်ကုန်စာတိုက်ကြီး (ပြည်ပစာပို့ဌာန) တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှ တင်သွင်းလာသော ကိုသူရကျော် (ခ) ကျော်ကိုသူရ ဖုန်းအမှတ်၊ ၀၉၇၉၁၈၂၂၆၀၅၊ အမှတ်(၁၁၃)၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး (၁၀)/(YKK10) ပြင်ဦးလွင်မြို့ဟု လိပ်မူထားပြီး အလျား ၈ လက်မခွဲ၊ အနံ ၆ လက်မ၊ ထု ၂ လက်မရှိ အညိုရောင်စက္ကူဗူးအား ဖွင့်ဖောက်စစ်ဆေးရာ စက္ကူဗူးအတွင်း၌ အလျား ၁၂ လက်မ၊ အနံ ၇ လက်မခွဲရှိ အနက်ရောင်ပလပ်စတစ်အိတ်အတွင်း ကြွပ်ကြွပ်အိတ်အဖြူစဖြင့် ထုပ်ပိုးလျက်(၈) ဂရမ်ခန့်ပါ အဖြူရောင်အမှုန့်ထုပ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် မူးယစ်တပ်စု (၄၂) သို့ ဖုန်းဖြင့်အကြောင်းကြားခဲ့ပြီး မူးယစ်တပ်စု (၄၂) မှ ရဲအုပ်ဖန်အောင် ဦးစီးအဖွဲ့သည် ၂၄-၁၂-၂၀၂၄ ရက်နေ့ (၁၅း၀၀) အချိန်ခန့်တွင် ရန်ကုန်စာတိုက်ကြီး (ပြည်ပစာပို့ဌာန) သို့ လာရောက်ခဲ့ပြီး Rigaku စက်ဖြင့် နမူနာထုတ်ယူ၍ စစ်ဆေးခဲ့ရာ Cocaine ဖြစ်ကြောင်း စမ်းသပ်တွေ့ရှိရပြီး အဆိုပါ Cocaine (၈) ဂရမ်ခန့် (ဒေသပေါက်ဈေး တစ်ဂရမ်လျှင် ငွေ ၅၀,၀၀၀/- နှုန်း) ခန့်မှန်းတန်ဖိုးကျပ် - ၄၀၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၃၁၅၃၄.၆၅၄ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



၁၁-၁-၂၀၂၅ ရက်နေ့တွင် ရန်ကုန်လေဆိပ် (သွင်းကုန်) ၌ Ford Glory Myanmar Ltd မှ (UB-8502) (10.1.2025) (SF-0297) (MAWB No – 66510954064) (HAWB No – 5618272866) ဖြင့် တင်သွင်းလာသော ပစ္စည်းများအား ကာကွယ်ရေးဌာနခွဲ၊ ထုတ်/သွင်းဌာနခွဲ၊ စစရဌာနခွဲ၊ လေကြောင်းရဲတပ်ဖွဲ့နှင့် စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့(လေ) အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိန်ဟုယူဆရသော အဖြူရောင်ကျောက် (European Machine Cut Round) (1.5 mm) (1x1000 Pcs) (C/O – China) (၂၀၀ ထုပ်) အပါအဝင် Item (4) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် - ၂၅၀,၀၀၀/- အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။